မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၈/၂၀၁၁)ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ၁၃၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁၂)ခန်းပါရှိ

အဆိုပါဥပဒေတွင် အခန်း(၁၂)ခန်းပါရှိပြီး အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) အထူးစီးပွားရေးဇုန်၊ အခန်း(၄) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၅) ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ၊ အခန်း(၆) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ သီးခြားတာဝန်များ၊ အခန်း(၇) မြေအသုံးပြုခြင်း၊ အခန်း(၈) ဘဏ်နှင့်ငွေရေးကြေးရေး စီမံခန့်ခွဲခြင်းနှင့် အာမခံလုပ်ငန်း၊ အခန်း(၉) အကောက်ခွန်ဦးစီးဌာနက စီမံခန့်ခွဲခြင်းနှင့် ကုန်ပစ္စည်းများစစ်ဆေးခြင်း၊ အခန်း(၁၀) ကူးစက်ရောဂါရှိမရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်း၊ အခန်း(၁၁) အလုပ်သမားရေးရာကိစ္စရပ်များ၊ အခန်း(၁၂) အထွေထွေတို့ဖြစ်သည်။

ထည့်သွင်းဖော်ပြ

အဆိုပါ ဥပဒေအပြည့်အစုံကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ EXIM Bank of China တို့အကြား ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China တို့အကြား ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဦးလှထွန်းတို့၏ ရှေ့မှောက်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang တို့ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်မင်ဘီချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် ပြင်ဆင်ချက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ဝေလွင်နှင့် ဗိုလ်ချုပ်သိန်းဌေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့် သံရုံးတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ထူးခြားသည့် ညအပူချိန်များ

၂၇-၁-၂၀၁၁

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၅ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ် မိုးရေချိန် ၂၇-၁-၂၀၁၁

ကော့သောင်းမြို့ ၀ ဒသမ ၄၃ လက်မ

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်)

သွေးတိုးရောဂါ ကြိုတင်သတိပြုကာကွယ်ပါ

ကျန်းမာသန်စွမ်းကြံ့ခိုင်ရန်အတွက် နေ့စဉ်စားသုံးသောအစားအစာသည် အရေးပါလျက်ရှိသည်။ အသက်အရွယ်မရွေး လူတိုင်းကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် နေထိုင်စားသောက်မှု စနစ်တကျရှိရန် သတိပြုကြရမည်ဖြစ်သည်။

လူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်စားသောက်၍ အဆီ၊ အငန်၊ အချိုလျှော့စားခြင်း၊ ဟင်းသီးဟင်းရွက်များ ပိုမိုစားသုံးခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ကြရမည်ဖြစ်သည်။ သို့မှသာ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုရောဂါများကို ကြိုတင်ကာကွယ် တားဆီးနိုင်မည်ဖြစ်သည်။

ပြည်သူအများ သတိပြုကာကွယ်ရမည့်ရောဂါများထဲတွင် သွေးတိုးရောဂါလည်း ပါဝင်သည်။ သွေးတိုးရောဂါကြောင့် နောက်ဆက်တွဲရောဂါများအဖြစ် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများဖြစ်နိုင်သည်။

သွေးတိုးရောဂါဖြစ်ခြင်းတွင် အငန်ဓာတ်ပါသော အစားအစာများစားခြင်းသည် အဓိကအကြောင်း တစ်ခုဖြစ်သည်။ သွေးတိုးရောဂါ ကာကွယ်မှုအတွက် အစားအသောက်များထဲ၌ ဆားကိုလျှော့၍သုံးစွဲပါက သွေးတိုးရောဂါကို လျော့နည်းနိုင်မည်ဖြစ်သည်။

သွေးတိုးရောဂါကြောင့် မောပန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိများမှုန်ဝါးခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ဝေဒနာများကို ခံစားရမည်ဖြစ်သည်။ သွေးတိုးရောဂါရှိသည်ကို မသိရှိသောသူများသည် နေထိုင်စားသောက်မှု မဆင်ခြင်မိ၍ ရုတ်တရက်အသက်အန္တရာယ် ဆုံးရှုံးနိုင်သည်။ ဝေဒနာများခံစားရသည့်အခါ သွေးပေါင်ကို စစ်ဆေးသင့်ပေသည်။ ရောဂါဝေဒနာရှိသူများသည်လည်း သွေးပေါင်ချိန်ကို အမြဲတမ်း စစ်ဆေးသင့်သည်။

အငန်ဓာတ်ပါသော အစားအစာများ ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမှ ရှောင်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုမဖြစ်ရန် နေထိုင်ခြင်းစသည်တို့ကို သတိပြုဆင်ခြင်ပါက သွေးတိုးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေမည်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပြည့်စုံနေပြီး ရောဂါကင်းရှင်းရန်အတွက် နေ့စဉ်စနစ်တကျနေထိုင်စားသောက်ပါက ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ Niigata University မှ Professor Mr. Makoto Naito သည် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုမှု သုတေသနလုပ်ငန်းနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကိုရှင်းလင်းတင်ပြပြီး Molecular Biology နည်းပညာများ၊ အထူးသဖြင့် ခေတ်မီ Real time -Polymerase Chain Reaction (RT-PCR)၊Sequencing နည်းပညာများနှင့် Virus Culture နည်းပညာများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သြစတြေးလျ ပညာရေးစနစ်အကြောင်း ရှင်းလင်းမည်

ရန်ကုန် ဇန်နဝါရီ ၂၇

သြစတြေးလျဘွဲ့များကို လေ့လာသင်ယူရရှိနိုင်မည့် PSB Academy သည် စင်ကာပူအစိုးရမှ အသစ်ပြဋ္ဌာန်းထားသည့် ပညာရေးနှင့် စီမံခန့်ခွဲမှု အရည်အသွေးဆိုင်ရာ လက်မှတ် Edu Trust လေးနှစ်ရရှိထားပြီး သြစတြေးလျပညာရေးစနစ်များနှင့် စင်ကာပူမှတစ်ဆင့် တက်ရောက်သင်ယူနိုင်မည့် သြစတြေးလျဘွဲ့များအကြောင်းကို ဖေဖော်ဝါရီ ၁၁ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပမည့်Singapore Education Road Show 2011တွင် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Education Road Show တွင် သြစတြေးလျပညာရေးစနစ်အကြောင်း၊ သြစတြေးလျနိုင်ငံ University of Newcastle မှ တိုက်ရိုက်ပေးအပ်မည့် Bachelor of Engineering (Electrical) နှင့် Bachelor of Engineering (Mechanical) အင်ဂျင်နီယာဘွဲ့များအကြောင်း၊ အသစ်သင်ယူရရှိနိုင်သည့် အင်ဂျင်နီယာ ဒီပလိုမာများ၊ စီးပွားရေး (Banking & Finance အထူးပြု) ဒီပလိုမာ၊ Sport & Exercise Sciences, Sport and Leisure Management ဒီပလိုမာ ဘာသာရပ်များအကြောင်း၊ University of Newcastle မှ ချီးမြှင့်မည့် Double Major ယူနိုင်သောဘွဲ့နှင့် ဘာသာရပ်များ၊ Bachelor of Commerce (Accounting), Bachelor of Business (Marketing, Management, Tourism) ဘာသာရပ်များအကြောင်း၊ Bachelor of Information Techology နှင့် MBA များအကြောင်းနှင့် ဝင်ခွင့် အသေးစိတ် အချက်အလက်များကို မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

PSB Academy တွင် တက်ရောက်သင်ယူနိုင်သည့် အခြားဘာသာရပ်များမှာ The University of Wollongong မှ ချီးမြှင့်မည့် Bachelor of Commerce ဘွဲ့ကို (Finance, Marketing, Management, Public Relations, Supply Chain Management) အစရှိသည့် အထူးပြုဘာသာရပ်များဖြင့် လေ့လာသင်ယူနိုင်သည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက CROWN Education, Summit Parkview Hotel အခန်းအမှတ် ၂၂၈/၂၂၉ ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ-၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ သုံးခွမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်း ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက သုံးခွမြို့ ဘုရင့်နောင် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အားကစားကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း ၂၉သင်းမှ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အနိုင်ရရှိ

ကွင်းဖွင့်ပွဲတွင် သိုက်တူးကန်စံပြ ကျေးရွာဘောလုံးအသင်းနှင့် ပဒတ္တိုင်းကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သိုက်တူးကန်စံပြကျေးရွာဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရှိရသည်။ (၁၂၄)

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၄ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုချီးမြှင့်

ဇန်နဝါရီ ၁၅ ရက်က ကျင်းပသော ဗဟန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမာလွင်က တတိယတန်းတွင် ပထမဆုရရှိသော မဂရေ့စ်ဆုန်ချင်းပါရ်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အလိမ္မာ စာမှာရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Junhua နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရမ်းဗြဲအသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးတွင် အသက် ၇၅ နှစ်နှင့်အထက် ပုဂ္ဂိုလ်များအား ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းများ ပြုလုပ်မည်ဖြစ်ပြီး အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ပူဇော်ပွဲနှင့် ဆုပေးပွဲအတွက် အမည်စာရင်းပေးလိုသူ၊ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၂၁၂၅၃၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း-၇၀၀၅၉၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မျိုးဆက်ပွားကျန်းမာရေးနှင့် အမျိုးသားများ၏ အခန်းကဏ္ဍအကြောင်း ရှင်းလင်းဟောပြောပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှ အမှာစကားပြောကြားစဉ်။ (ဝ၉၁)

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၁၇ ရက်က ခရိုင်ရုံးစာကြည့်တိုက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များက မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များ လှူဒါန်းရာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးချီမောင် လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုကျောင်း ရှစ်မိုင် မရမ်းကုန်း ရန်ကုန်မြို့ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ရှစ်မိုင် မရမ်းကုန်းမြို့နယ် ကျောင်းသားဟောင်းများ ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ ရက်(ပြည်ထောင်စုနေ့)စနေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ် (၂၄-ဒီ) ဆ ရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်ရာ ဆရာဟောင်းများ၊ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေ၊ ပစ္စည်းများလှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဒေါက်တာ အေးဖေ ဖုန်း-၆၆၂၉၆၇နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မုံရွေး-ကြေးမုံ အထက်တန်းကျောင်း နဝမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူး (အငြိမ်းစား) ဆရာကြီး ဦးခင်မောင်ကိုက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြသည်။ ထို့နောက် ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသန်းရွှေနှင့် ဆရာမကြီး ဒေါ်မြကြူတို့က ဩဝါဒစကား ပြောကြားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မဟာဗျူဟာလက်နက်လျှော့ချရေး ရုရှားအတည်ပြု

မော်စကို ဇန်နဝါရီ ၂၇

၂၀၁၀ခုနှစ် ဧပြီလက အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတ မက်ဗီဒက်ဗ်တို့ လက်မှတ်ထိုးခဲ့သည့် မဟာဗျူဟာ လက်နက်လျှော့ချရေးစာချုပ်(စတပ်)အသစ်ကို ရုရှားအထက်လွှတ်တော်က ယနေ့တွင် တညီတညွတ်တည်း ထောက်ခံအတည်ပြုလိုက်သည်။

အတည်ပြု

စတပ်စာချုပ်သစ်အရ အမေရိကန်ရော ရုရှားပါ နျူကလီးယားထိပ်ဖူး ဖြန့်ကြက်မှုတွင် ၁၅၅၀ အထိ လျှော့ချရမည်ဖြစ်ကြောင်း သတင်းတွင်ပါရှိသည်။ အမေရိကန်အထက်လွှတ်တော်က လအတန်ကြာ ငြင်းခုံပြီးနောက် ထိုစာချုပ်ကို ထောက်ခံမဲ ၇၁ မဲ၊ ကန့်ကွက်မဲ ၂၆ မဲဖြင့် ပြီးခဲ့သည့်နှစ်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဤစာချုပ်သစ်က ၂၀၀၉ခုနှစ် ကုန်တွင် သက်တမ်းကုန်သည့် ယခင် စတပ်စာချုပ်ကို အစားထိုးမည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အီရန်၌ သဘာဝဓာတ်ငွေ့သိုက်အသစ်တွေ့ရှိ

တီဟီရန် ဇန်နဝါရီ ၂၇

အီရန်နိုင်ငံအရှေ့တောင်ပိုင်းတွင် ဇန်နဝါရီ ၂၆ ရက်က အလွန်ကြီးမားသော သဘာဝဓာတ်ငွေ့သိုက် အသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အီရန်စွမ်းအင်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ခန့်မှန်း

ယခုတွေ့ရှိသည့် သဘာဝဓာတ်ငွေ့သိုက်မှာ အီရန်နိုင်ငံအရှေ့တောင်ပိုင်း ဟော်မိုဇ်ဂန်ပြည်နယ် အက်ဆာလူယက် ဆိပ်ကမ်းမြို့အနီးတွင် ဖြစ်သည်။ ယင်းသဘာဝဓာတ်ငွေ့သိုက်မှ သဘာဝဓာတ်ငွေ့ ၂၇၇ ဘီလီယံ ကုဗမီတာ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

အီရန်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် မတ်လမှ ဒီဇင်ဘာလအထိ သဘာဝဓာတ်ငွေ့သိုက် ခုနစ်ခုရှာဖွေတွေ့ရှိခဲ့ပြီး ၂၀၀၉ ခုနှစ်နှင့်၂၀၁၀ ခုနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက် ၁၃ ခု ရှာဖွေတွေ့ရှိခဲ့သည်။

(အင်တာနက်)



ဒူဘိုင်း၌ ကမ္ဘာ့အမြင့်ဆုံးစားသောက်ဆိုင်ဖွင့်လှစ်

ဒူဘိုင်း ဇန်နဝါရီ ၂၇

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် ဇန်နဝါရီ ၂၆ ရက်က ကမ္ဘာ့အမြင့်ဆုံးစားသောက်ဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်လိုက်ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

၎င်းစားသောက်ဆိုင်ကို ကမ္ဘာ့အမြင့်ဆုံး မိုးပျံအဆောက်အအုံဖြစ်သည့် ဘူရားဂျေခါလီဖာ(**အပေါ်ပုံ**)ရှိ အထပ် ၁၂၂ ထပ်၌ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ယင်းစားသောက်ဆိုင် ပြတင်းမှနေ၍ မြေပြင်ရှုခင်းနှင့် ပင်လယ်ကွေ့ရှုခင်းများကို အပေါ်စီးမှ မြင်တွေ့ခံစားနိုင်မည်ဖြစ်သည်။

အဆိုပါစားသောက်ဆိုင်သည် အမြင့် ၄၄၂မီတာ အမြင့်၌တည်ရှိရာ အမြင့်ဆုံးနေရာမှ ရှုခင်းအလှကို ခံစားနိုင်ပြီး လာရောက်စားသောက်သည့်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးမည်ဖြစ်ကာ ကမ္ဘာ့ကျော် ထိပ်တန်းအစားအစာများကို စားသောက်နိုင်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဆီယံ မော်တော်ကားစက်မှုလုပ်ငန်းဖိုရမ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဖွင့်လှစ်

ဟနွိုင်း ဇန်နဝါရီ ၂၇

(၁၂) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်နိုင်ငံများအကြား မော်တော်ကားစက်မှုလုပ်ငန်း ဖိုရမ်ကို ဇန်နဝါရီ ၂၄ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဖိုရမ်သို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံမော်တော်ကားလုပ်ငန်းအဖွဲ့ချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထုတ်လုပ်

ယင်းဖိုရမ်သို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်အတွင်း မော်တော်ကား စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းမွန်သည့် အာဆီယံကားများ စံပြုထုတ်လုပ်သွားရေးနှင့် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား ဇီဝလောင်စာဆီ အသုံးပြုသောကားများ တိုးမြှင့်ထုတ်လုပ်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ပြောကြား

ယင်းကိစ္စများသည် မော်တော်ယာဉ်ထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်ထုတ်လုပ်မှုအားကောင်းလာစေရန် အလွန်အရေးကြီးသည့် ကိစ္စပင်ဖြစ်ကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဒုတိယဝန်ကြီး လီဒေါင်ကွမ်းက ဖိုရမ်၌ ပြောကြားသည်။

အာဆီယံသည် ဖွံ့ဖြိုးဆဲမော်တော်ကားစက်မှုလုပ်ငန်းအတွက် ဈေးကွက်အလားအလာကောင်းကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့် ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံအချို့တွင် မော်တော်ကားတပ်ဆင်ထုတ်လုပ်ရေးစက်ရုံအများအပြား တည်ဆောက်ရင်းနှီးမြှုပ်နှံနေပြီဖြစ်ကြောင်း ဂျပန်နိုင်ငံ မော်တော်ကားထုတ်လုပ်ရေးစက်မှုလုပ်ငန်းများညွှန်ကြားရေးမှူး ရှီဂျီယာကီတာနာကာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

မိုးမြင့်လင်းလက် – စုစည်းသည်

အမေရိကန် အရှေ့မြောက်ပိုင်း၌ နှင်းမုန်တိုင်းတိုက်ခတ်

နယူးယောက် ဇန်နဝါရီ ၂၇

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇန်နဝါရီ ၂၇ ရက်က နှင်းမုန်တိုင်းများတိုက်ခတ်ရာ မော်တော်ယာဉ်သွားလာရေး ပြတ်တောက်သွားခဲ့ကြောင်း အမေရိကန်အရာရှိများက သတင်းထုတ်ပြန်သည်။

နှောင့်နှေးကြန့်ကြာ

ဝါရှင်တန်ဒီစီနှင့် ပင်ဆယ်ဗေးနီးယားတို့တွင် စာသင်ကျောင်းများ ပိတ်ထားရပြီး လေယာဉ်ခရီးစဉ် ဒါဇင်ပေါင်းများစွာ ဖျက်သိမ်းခဲ့ရသကဲ့သို့ အချို့လေကြောင်း ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ထို့အပြင် နယူးယောက်မြို့အနောက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ လမ်းများပေါ်၌ ဆီးနှင်းများ ဖုံးလွှမ်းခဲ့သည်။

(အင်တာနက်)

အင်ဒိုနီးရှားအရှေ့ပိုင်း၌ လေယာဉ်ပျက်ကျ

ဂျကာတာ ဇန်နဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် ဇန်နဝါရီ ၂၇ ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း အင်ဒိုနီးရှားလေကြောင်းပို့ဆောင်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အပေါ်ပုံ)**

၎င်းလေယာဉ်သည် ဆေးဝါးထောက်ပံ့ရေးဆိုင်ရာ လေယာဉ်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ် အရှေ့တောင်ဘက် ကန်ဒါရီမြို့လေဆိပ်မှ ပျံတက်လာပြီး မိနစ် ၃၀ခန့်အကြာ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်တွင် လေယာဉ်မှူးအပါအဝင် သုံးဦးလိုက်ပါလာခဲ့ခြင်းဖြစ်ပြီး လေယာဉ်မပျက်ကျမီ လေထီးဖြင့် ခုန်ထွက်နိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်ဟု သတင်း၌ဖော်ပြသည်။

(အင်တာနက်)

တရုတ်၌ ဆီးနှင်းများ ဆိုးရွားစွာကျဆင်း

ပေကျင်း ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် ဇန်နဝါရီ ၂၇ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ လမ်းများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းပြီး မော်တော်ယာဉ်သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

သတိပေးထား

နှင်းများကျဆင်းမှု အဆိုးရွားဆုံးမှာ စင်ကျင်းဟူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟာမီမြို့၌ဖြစ်ပြီး မော်တော်ယာဉ်အများအပြား ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည်။ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသများတွင် အပူချိန်လျော့နည်းကျဆင်းလျက်ရှိရာ ဆီးနှင်းများ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း တရုတ်အရာရှိများက သတိပေးထားသည်။

(အင်တာနက်)

ဖိလစ်ပိုင်၌ ငြမ်းပြိုကျ၊ ၁၀ ဦးသေဆုံး

မနီလာ ဇန်နဝါရီ ၂၇

ဖိလစ်ပိုင်အလယ်ပိုင်း မာကာတီမြို့တွင် ဇန်နဝါရီ ၂၇ ရက်က ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခု၏ လုပ်ငန်းခွင်၌ ငြမ်းပြိုကျမှု ဖြစ်ပွားရာ အလုပ်သမား ၁၀ ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း မာကာတီမြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ငြမ်းပြိုကျ

မာကာတီမြို့ အထပ် ၄၀ မြင့်သော အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်ရှိ အထပ် ၃၄ ထပ်မှ ငြမ်းပြိုကျရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်မှာ မတော်တဆမှုဖြစ်ပြီး ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများမှာ ငြမ်းပေါ်နှင့်ငြမ်းအောက်၌ လုပ်ငန်းခွင်ဝင်နေကြသူများ ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကရင်ပြည်နယ် ဘားအံမြို့ သီရိလမ်းရှိ အေးချမ်းသာပန်းခြံအတွင်း မြေခင်းအလှပြုပြင်ခြင်းကို ဇန်နဝါရီ ၁၂ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းဘေး ဝဲယာ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးလှသိန်းအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်မြို့ မယ်ခေါင်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သာယာလှပရေးအတွက် ရေမြောင်းအတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကိုကို ကြီးကြပ်စဉ်။ (၀၁၆)



မန်စီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရီခူး-မံသဲ ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ရာ ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ဝင်းသူ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နည်းပညာဆွေးနွေးပွဲများကျင်းပရေးဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Japan Electric Power Information Center တို့ နည်းပညာဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် ဂျပန်နိုင်ငံ Japan Electric Power Information Center မှ President Mr. Kenshu MOROOKA တို့က နည်းပညာဆွေးနွေးပွဲများကျင်းပရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးခဲ့

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဂျပန်နိုင်ငံ Japan Electric Power Information Center မှ President Mr. Kenshu MOROOKA နှင့် အဖွဲ့အား ဝန်ကြီး၏ဧည့်ခန်းမ၌ ဆက်လက်တွေ့ဆုံပြီး နည်းပညာဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရည်ချွန် ဆုပေးပွဲ ထန်းတပင်၌ ကျင်းပ

ထန်းတပင် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ခနဲရိကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ အမက(လွန်)ကျောင်း၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၁ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က အမှာစကား ပြောကြားသည်။

တက်ရောက်

ဆက်လက်၍ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြရာ ကျောင်းအုပ်ဆရာကြီးဦးစိုးလွင်က ဆုရကျောင်းသား သတ္တမတန်းမှ မောင်ဇာနည်အောင်အား ဂုဏ်ပြုဆုချီးမြှင့်သည်။**(အောက်ပုံ)**အဆိုပါအခမ်းအနားသို့ မြို့နယ်ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်း၊ ထန်းတပင်မြို့နယ် အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၊မိဘဆရာအသင်းနာယကများ၊ အလှူရှင် ဒေါ်တင်မြိုင်နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(၁၈၃)**

မူဆယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မူဆယ် ဇန်နဝါရီ ၂၇

မူဆယ်ခရိုင် မူဆယ်မြို့နယ်မိုင်းယု (၁၀၅)မိုင် ကျေးရွာတွင် ရွှေမြန်မာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ရက်နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ရွှေမြန်မာစာကြည့်တိုက် အဆောက်အအုံသစ်ကို မူဆယ်ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်း၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ မူဆယ်မြို့နယ် ဥက္ကဋ္ဌ ဦးမြဟန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်

ယင်းနောက် ရွှေမြန်မာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်က စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနိုင်ထံသို့ ပေးအပ်သည်။

လှူဒါန်း

အဆိုပါ ရွှေမြန်မာစာကြည့်တိုက်သို့ မူဆယ်ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်းက ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံအုပ်ရေ ၃၀၀၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်မိုးက ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာအုပ်စာစောင် ၁၅၀၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးသန်းငွေနှင့် ခရိုင်နှစ်ရှည်ပင်လုပ်ငန်းမန်နေဂျာ ဦးသောင်းညွှန့်က ဂျာနယ်များ၊ ဦးမြတ်ဇော်ငွေက ငွေကျပ်ခြောက်သောင်း ငါးထောင်တန်ဖိုးရှိ စာအုပ်စင်တစ်ခု၊ ဦးစိုးနိုင်နှင့် ဦးငွေးလွင်တို့က ငွေကျပ်လေးသောင်းတန်ဖိုးရှိ ဗီရိုတစ်လုံး၊ ဒေါ်မိုးမိုးလှိုင်က ငွေကျပ်လေးသောင်း တန်ဖိုးရှိ စားပွဲတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အကျယ် ၁၄ ပေရှိ သွပ်မိုး၊ အုတ်ကာ အင်္ဂတေခင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စင်ကာပူ ပညာရေးဆိုင်ရာပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

Music, Fashion Design, Interior Design, Animation Art, Video Art, Film ဘာသာရပ်များကို LASALLE College of the Arts တွင်လေ့လာသင်ကြားလိုသူများအတွက် ပညာသင် ထောက်ပံ့ကြေးအပြင် Future Leader Scholarship ကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) တွင် အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည့် Singapore Education Road show 2011 ၌ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ကြည့်ရှုနိုင်

Future Leader Scholarship နှင့်ပတ်သက်၍ သိရှိလိုပါက http; www. lasalle. edu.sg/ images / stories / LASALLE_ Future_ Leader _ Scholarship_ Application_ Form-2011. pdf. တွင် ကြည့်ရှုနိုင်သည်။

အဆိုပါ ပညာသင် ထောက်ပံ့ကြေးကို မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက် LASALLE College of the Arts မှ ရွေးချယ်ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး Tuition Grant ရရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် စင်ကာပူနိုင်ငံတွင် သုံးနှစ်အလုပ်လုပ်ကိုင်ခွင့်ပါ ရရှိမည်ဖြစ်သည်။ ပညာသင် ထောက်ပံ့ကြေးရရှိပါက တစ်နှစ်လျှင် စင်ကာပူဒေါ်လာ တစ်သောင်းနှစ်ထောင့်ရှစ်ရာဖြင့် သုံးနှစ်စာ သုံးသောင်းရှစ်ထောင့်လေးရာ ရရှိမည်ဖြစ်ပြီး ၄င်းဘာသာရပ်များအကြောင်းနှင့် စင်ကာပူအစိုးရမှ ပေးအပ်မည့် ပညာသင်ထောက်ပံ့ကြေး အကြောင်းကို Singapore Education Road show 2011 တွင် ရှင်းလင်းပြောကြားကြမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေး

ကျောင်းသား ကျောင်းသူများအတွက် ကျောင်းလျှောက်လွှာကြေးကင်းလွတ်ခွင့်ပြုမည် ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ CROWN Education ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ ၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တိုင်းမှူးဖလား ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ဗထူးအားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အောင်နိုင်ရေးအလံပေးအပ်

တိုင်းမှူးသည် ဇန်နဝါရီ ၁၈ ရက်က တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသော ပြည်နယ်နှင့်တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲ အောင်ပွဲရ တိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်သည်။

အပ်နှံ

ဆက်လက်၍ အောင်ပွဲရပြေးခုန်ပစ်အသင်းမှ အုပ်ချုပ်သူနှင့် အားကစားသမားများက ပထမဒိုင်းဆုများနှင့် ဓွယ်စုံတံခွန်စိုက်ဒိုင်းတို့ကို တိုင်းမှူးထံ အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် မိတ္ထီလာ၌ဖွင့်

မိတ္ထီလာ ဇန်နဝါရီ ၂၇

မိတ္ထီလာမြို့ လိန်တောကျေးရွာအုပ်စုကျောင်းရာကန်ကျေးရွာ လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနား၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးကို ရှင်းလင်းပြောကြားသည်။

လက်ခံ

၎င်းနောက် စာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်စာစောင်များနှင့် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသိုက်ထွန်း၊ ကျောင်းရာကန်ကျေးရွာဥက္ကဋ္ဌ ဦးစိုးနိုင်တို့က စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသိုက်ထွန်း၊ ဒေါ်စုစုထွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် ပရိက္ခရာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်တို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၁ ရက်က အထက(၁) လသာ ဗဟိုစံပြခန်းမဆောင်၌ လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုကြည်က မူးယစ်ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများ အလွဲသုံးစွဲမှုပြုခြင်းအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောစဉ်။ (ပညာရေး)

စာကြည့်တိုက်အဆောက်အအုံသစ် ရေစကြို၌ဖွင့်

ပခုက္ကူ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာ အိုအေစစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် ပရိဘောဂလှူဒါန်းပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးမြင့်က စာကြည့်တိုက်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင်များက စာအုပ်စာစောင်နှင့် ပရိဘောဂများကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေ ရှိပြီး သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာပေဟောပြောပွဲ ပုဏ္ဏားကျွန်း၌ကျင်းပ

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၇

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် ည ၇ နာရီက လောကမာရဇိန်ဘုရားသိမ်တော်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ လွမ်းပြေအောင် (စစ်တွေ)၊ စာရေးဆရာမ ပံသုခင်၊ စာရေးဆရာ ဗဂျီးကျော် (စစ်တွေ)၊စာရေးဆရာစစ်တွေညိုသန့်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

ထို့နောက် ကဗျာပြိုင်ပွဲ ပထမဆုရရှိသူ ဦးမြင့်ဝင်းလှိုင် (ရွာဟောင်း)အား မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးက လည်းကောင်း၊ ဒုတိယဆု ရရှိသူ ဦးမြင့်မောင်(မင်းမြတ်ညို) ညောင်ခြုံရွာအား စာရေးဆရာ လွမ်းပြေအောင် (စစ်တွေ)ကလည်းကောင်း၊တတိယဆု ရရှိသူ သန်းရွှေ(ပန်းနီလာ)အား မြို့နယ်စာပေကော်မတီဥက္ကဋ္ဌ ဦးမောင်လှဦးကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူ မသန်းငွေး(စံပြ)အား ဦးလှဘော်သူ (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး)ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူ ကိုစံထွန်း (စစ်မှုထမ်းဟောင်း)အား ဗဂျီးကျော် (စစ်တွေ)က လည်းကောင်းဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စာနယ်ဇင်း)**

လွတ်လပ်ရေးနေ့ အခမ်းအနား မတ္တရာမြို့နယ်၌ ကျင်းပ

မတ္တရာ ဇန်နဝါရီ ၂၇

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို မတ္တရာမြို့နယ်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီကလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင်လည်းကောင်း၊ အားကစားပြိုင်ပွဲများကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း ကျင်းပခဲ့သည်။

ဆုချီးမြှင့်

ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်းနှင့် မြို့နယ်အတွင်းရေးမှူး ဦးထင်ကျော်တို့က ချီးမြှင့်ခဲ့ကြပြီးနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် အားကစားနည်းမျိုးစုံ ကျင်းပခဲ့ရာ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရအသင်းအား မြို့နယ်အတွင်းရေးမှူး ဦးထင်ကျော်က ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၄ဝ)

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၁ ရက်က အထက(၇) မင်္ဂလာတောင်ညွန့်၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသော မသက်ထားဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေးက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ချီးမြှင့်စဉ်။ (ပညာရေး)

အထူးကြပ်မတ်ကုသဆောင်ကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

မီတင်းနေထိုင်

ရှေးဦးစွာ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အား မေးမြန်းကြည့်ရာ "ကျွန်တော်တို့ မြို့နယ်မှာ ရပ်ကွက် ၁၀ ခု၊ ကျေးရွာအုပ်စုပေါင်း ၇၁ အုပ်စု၊ ကျေးရွာပေါင်း ၅၇၅ ရွာရှိပြီး လူဦးရေ သုံးသိန်းကျော် မီတင်းနေထိုင်လျက်ရှိပါတယ်။ ယခင်က မြို့နယ်အဆင့်ဆေးရုံဖြစ်တဲ့ ခုတင်(၅၀)ဆံ့ဆေးရုံသာ ရှိခဲ့ပါတယ်။ အဲဒီ ဆေးရုံကလည်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ပါတယ်။

ရှင်းလင်းပြောကြား

"နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၈ ခုနှစ် မေလနရီးစဉ်မှာ ပျက်စီးသွားတဲ့ ခုတင် (၅၀)ဆံ့ ဆေးရုံအစား ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် အသစ်တည်ဆောက်သွားဖို့ မှာကြားလမ်းညွှန်ခဲ့ပါတယ်။ ဒီလမ်းညွှန်ချက်နဲ့အညီ တည်ဆောက်ခဲ့လို့ ယခုလို ဆေးရုံသစ်ကြီး ပေါ်ထွန်းလာတာပါ" ဟု ရှင်းလင်းပြောကြားသည်။

ဆေးရုံကြီးကို ဘိုကလေးမြို့ မြို့သစ်ရပ်ကွက်ရှိ မြေဧရိယာ ၃၁ ဒသမ ၉ ဧကပေါ်တွင် တည်ဆောက်ထားသည်။ အလျား၊ အနံ ၃၂၆ ပေစီရှိပြီး ကြမ်းခင်းဧရိယာမှာ ၅၇၄၄၀ စတုရန်းပေရှိသည်။ အဆောင်လေးဆောင် ပါရှိပြီး ပင်မဆောင်မှာ ၂၂၂ ပေ × ၆၂ ပေ၊ လူနာဆောင်သုံးဆောင်မှာ ၂၂၂ ပေ × ၅၂ ပေစီ ရှိသည်။ အဆောင် လေးဆောင်တွင် ပြင်ပလူနာဌာန၊ အထွေထွေကုသဆောင်၊ မီးယပ်၊ သားဖွားနှင့်ကလေးကုသဆောင်၊ အရိုးအကြောနှင့် ခွဲစိတ်ကုသဆောင်တို့ ပါဝင်သည်။ ဆေးရုံအဆောက်အအုံ၏ အတွင်းအပြင် နှစ်ဖက်စလုံးတွင် ၁၀ပေအကျယ် လျှောက်လမ်းများကို ထည့်သွင်း တည်ဆောက်ထားသည်။

ဖွဲ့စည်းတည်ဆောက်ထား

ပြင်ပလူနာဌာနတွင် ဆေးရုံအုပ်ကြီး ရုံးခန်း၊ ဆေးရုံရုံးခန်း၊ အစည်းအဝေးခန်းမ၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ သွေးသိုလှောင်ခန်း၊ မှတ်တမ်း

အက်ထရာဆောင်း ဓာတ်မှန်ခန်းကို တွေ့ရစဉ်။

များထားရှိသည့် အခန်း၊ ဆေးပစ္စည်းစတိုခန်း၊ သွားဆေးကုသခန်း၊ အရေးပေါ် လူနာကုသခန်း၊ ဆေးပေးခန်း၊ ကာကွယ်ဆေးများသိုလှောင်ရာ အအေးခန်း၊ အများသုံးတယ်လီဖုန်း အသုံးပြုခန်း၊ လူနာများနားနေရန်နေရာနှင့် အမျိုးသား၊ အမျိုးသမီးသန့်စင်ခန်း စသည်တို့ ပါဝင်သည်။ အလားတူ အထွေထွေရောဂါ ကုသဆောင်တွင် အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ အထူးကုသခန်းများနှင့် လူနာစမ်းသပ်ခန်း၊ မီးယပ်၊ သားဖွားနှင့် ကလေးကုသဆောင်တွင် သားဖွားခန်း၊ မွေးကင်းစကလေးများ ထားရာအခန်း၊ လူနာစမ်းသပ်ခန်း၊ ကျန်းမာရေးပညာပေးရုံးခန်း၊ မီးယပ်နှင့် သားဖွားကုသဆောင်နှင့် ကလေးကုသဆောင်၊ အရိုးအကြောနှင့် ခွဲစိတ်ကုသဆောင်တွင် အကြီးစားခွဲစိတ်ခန်း နှစ်ခန်း၊ Septic OT ခန်း၊ Recovery Room၊ အထူးကြပ်မတ်ကုသခန်း၊ အရိုးအကြောကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ပြီးသည့် စွန့်ပစ်ပစ္စည်းများ ယာယီထားရှိရန် အခန်း စသည်တို့ကို စနစ်တကျ သေသပ်ကျနစွာ ဖွဲ့စည်းတည်ဆောက်ထားသည်။ ဆေးရုံအဆောင်များအတွင်းတွင်လည်း လူနာခုတင်များ၊ မွေးခုတင်၊ ခွဲစိတ်ခုတင်၊ လူနာ စမ်းသပ်ခုတင်၊ Anaesthetic Machine၊ Emergency Surgical Set၊ သွားကုသခုံစသည့် ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများကို စုံလင်စွာ ဖြည့်ဆည်းထားသည်ကို တွေ့ရသည်။ ဆေးရုံအဆောက်အအုံက ကြီးမားခံ့ညားသကဲ့သို့ ဆေးကုသဆောင်များရှိ ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများသည်လည်း သစ်သစ်လွင်လွင် ထည်ထည်ဝါဝါ ရှိလှသည်။

"အခုဆိုရင် ဒီခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးမှာ အထွေထွေရောဂါကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု စတဲ့ အထူးကု ဆရာဝန်ကြီးများ၊ ဓာတ်မှန်ဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီးနဲ့ လက်ထောက်ဆရာဝန်တွေ စုံစုံလင်လင်နဲ့ လူနာတွေကို ပြုစုကုသပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါ့အပြင် လိုအပ်တဲ့ ဆေးဝါးများနဲ့ ခေတ်မီ ဆေးရုံသုံးပစ္စည်းများကိုလည်း နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းပေးထားပါတယ်"ဟု ဆေးရုံအုပ်ကြီးဖြစ်သူ ဒေါက်တာသန်းဌေးအောင်က ပြောကြားသည်။

ပြုစုစောင့်ရှောက်

ဆက်လက်၍ ဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေကို ဆေးရုံအုပ်ကြီးက ရှင်းပြရာတွင် "ဘိုကလေးမြို့နယ်အတွင်း၌ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအပြင် တိုက်နယ်ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၃ ခု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြစ်ချောင်းအင်းအိုင်ပေါများ၍ သွားလာဆက်သွယ်ရေး ခက်ခဲသည့် ကျေးလက်ဒေသများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွန်ရက်သဖွယ် ချိတ်ဆက် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများမှ ဆရာဝန်များနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာ ဆေးဝါးကုသမှုခံယူနိုင်အောင် ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပြည်သူများ ကျန်းမာရေးအသိ ပိုမိုကျယ်ပြန့်စွာ သိမြင်လာပြီး ကျန်းမာရေးသတိ ပိုမိုမြင့်မားလာစေရေးအတွက် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ကျေးရွာအရောက် ခရီးပေါက်သည်အထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း" ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထူးထရေးဒင်းကုမ္ပဏီလီမိတက် အနေဖြင့် ဆေးရုံတည်ဆောက်ပေးရုံသာမက ဆေးရုံရှိ ဆရာဝန်များ အင်တာနက် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ IP Star System Computer ငါးစုံ၊ ငွေကျပ်သိန်း ၁၂၀ တန် 100 KVA ဓာတ်အားပေးစက် တစ်လုံး၊ ပရိဘောဂပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ငွေကျပ်သိန်း ၃၅၀ တန်ဖိုးရှိ လူနာတင်ယာဉ်နှင့် ဆေးရုံပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ ကျပ်သိန်း ၃၀၀ တို့ကို ဆေးရုံဖွင့်ပွဲအခမ်းအနား၌ ပေးအပ်လှူဒါန်းခဲ့သည်ကို မှဒိတာပွားဖွယ် တွေ့မြင်ခဲ့ရသည်။

အောင်မြင်မှုမှတ်တိုင်

ဘိုကလေးမြို့နယ်၏ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသည်ကား ခံ့ညားထည်ဝါစွာဖြင့် ပေါ်ထွန်းခဲ့ပေပြီ။ ယခင်က ခုတင်(၅၀) ဆံ့ ဆေးရုံသာ ရှိခဲ့ရာမှ "မြေအုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့" ဟူသည့် စကားနှင့်အညီ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ဆေးရုံသစ်ကြီးကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ အလားတူ ယင်းဆေးရုံသစ်ကြီးကို ဖွင့်လှစ်နိုင်ခြင်းသည် နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၏ အောင်မြင်မှုမှတ်တိုင်တစ်ခုကို စိုက်ထူလိုက်နိုင်ခြင်းလည်း ဖြစ်သည်။

ပံ့ပိုးဖြည့်ဆည်း

ဆေးရုံသစ်ကြီး ဖြစ်တည်လာမှုနှင့်အတူ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ခေတ်မီ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို နိုင်ငံတော်က အပြည့်အစုံ ပံ့ပိုးဖြည့်ဆည်းပေးထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ ဆေးရုံသစ်ကြီးက မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ယခင်ကထက် ပိုမိုမြှင့်တင် ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။

လူနာတင်ယာဉ်ကို တွေ့ရစဉ်။

မိုင်းယောင်းမြို့ ကော်ကော့လမ်း ကတ္တရာလမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ဒီဇင်ဘာ ၁၈ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆေးပညာဘာသာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ဆေးပညာကိုစိတ်ဝင်စားပြီး နိုင်ငံတကာအသိအမှတ်ပြု ဒီဂရီရရှိလိုသူများ၂၀၁၁ ခုနှစ်တွင် အသစ်သင်ယူရရှိနိုင်မည့် M.Sc in Health Care Management ပရိုဂရမ်နှင့် Medical Biochemistry, Cancer Biology ဘာသာရပ်များအကြောင်းကို MDIS မှ ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပမည့် " SINGAPORE EDUCATION ROADSHOW 2011 "ပြပွဲတွင် ဆွေးနွေးဟောပြော ရှင်းလင်းမည်ဖြစ်ကြောင်းသိရှိရသည်။

Biomedical Science အောက်ရှိ Biochemistry / Cancer Biology ဘာသာရပ်များသည် လူ၏အသက်ဇီဝဖြစ်စဉ်များကို လေ့လာခြင်းနှင့် လူ၌ ဖြစ်လေ့ရှိသည့် ရောဂါများနှင့် ယင်းရောဂါများ၏ နောက်ဆက်တွဲ အကြောင်းအရာများကို လေ့လာသော ဘာသာရပ်တစ်ခုဖြစ်ကြောင်း သိရသည်။ အထူးပြုဘာသာရပ်အဖြစ် သင်ယူနိုင်သော Cancer Biology ဘာသာရပ်တွင် Cancer ဖြစ်ပွားစေသည့် Molecular နှင့် Genetic အကြောင်း၊ အသစ်ပေါ်ပေါက်သည့် ကင်ဆာကုထုံးသစ်များ အကြောင်းကို လေ့လာရမည်ဖြစ်ပြီး Medical Cell Biology မေဂျာ၌ ရောဂါဗေဒနှင့် ကုထုံးများ၊ Medical Biochemistry တွင် Cell များ အလုပ်လုပ်ပုံနှင့် ရောဂါများအပေါ် အကျိုးသက်ရောက်မှုများအကြောင်း လေ့လာရမည်ဖြစ်သည်။

သုတေသနလုပ်ငန်းများကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများအတွက် University of Bradford က ချီးမြှင့်သည့် B.Sc (Hons) in Biomedical Science ဘာသာရပ်ကို လေ့လာနိုင်သလို ဆေးပညာနှင့် ဆက်စပ်စီမံခန့်ခွဲမှုမဟာဘွဲ့ကို သင်ယူလိုသူများအတွက် University of Wales မှ ချီးမြှင့်မည့် M.Sc in Health Care Management ကို တစ်နှစ်အတွင်း တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက CROWN Education, Summit Parkview Hotel အခန်း ၂၂၈-၂၂၉ ဖုန်း ၂၁၁၈၈၈ (လိုင်းခွဲ ၂၂၈)နှင့် ၀၉-၅၀၈၅၁၈၅တို့တွင် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် အမက (၁) ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက်ပထမဆုရ မောင်အောင်ငြိမ်းချမ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းရင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၇၁)

ယာဉ်နှင့်လမ်းစည်းကမ်း မုံရွာ၌ဟောပြော

မုံရွာ ဇန်နဝါရီ ၂၇

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက မုံရွာမြို့ မုံရွာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်မိုးအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့က တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ တာဝန်ရှိသူများထံသို့ မော်တော်ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ဝန်ကြီးဦးစိုးသာနှင့် ဝန်ကြီး ဦးလှထွန်းတို့၏ ရှေ့မှောက်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang တို့ ရင်မင်ဘီ ချေးငွေထုတ်ချေးရေးဆိုင်ရာ ပင်မချေးငွေစာချုပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေး စီမံကိန်းအဆင့် (၂) ဝယ်သူချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့် ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က) ဦးညီဖြူလှ	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ခ) ဦးမြင့်အောင်	ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲတင့်အား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

● ရှေ့ဖုံးမှ

ရှေးဦးစွာ ဝန်ကြီးဦးလှထွန်းက ချေးငွေစာချုပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးတို့၏ ရှေ့မှောက်၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang တို့က နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး အတွက် ရင်မင်ဘီ ချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် ပြင်ဆင်ချက် သဘောတူစာချုပ်ကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် EXIM Bank of China ဒုတိယဥက္ကဋ္ဌတို့က ရင်မင်ဘီ ချေးငွေ ထုတ်ချေးရေးဆိုင်ရာ ပင်မချေးငွေစာချုပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းအဆင့်(၂) ဝယ်သူ ချေးငွေစာချုပ်တို့ကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် တက်ရောက်လာကြသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

MNL ဇယားထိပ်ဆုံးမှ ထိပ်သီးနှစ်သင်း တွေ့ကြမည့် နှစ်သင်းစလုံးအတွက်ခက်ခဲပြီး ပရိသတ်အကြိုက်တွေ့နိုင်

ရေးသားသူ စိုးမိုး (IBC)
မှတ်တမ်းဓာတ်ပုံ MFF

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီလ ၁၅ရက်မှ စတင် ကျင်းပခဲ့သည့် MNL Grand Royal 2011 အမှတ်ပေး ဘောလုံးပြိုင်ပွဲကြီးမှာ အများ မျှော်လင့်ထားသကဲ့သို့ပင် ပြိုင်ပွဲ စကတည်းက ပရိသတ် အကြိုက် တွေ့သည့် ပွဲကြီးပွဲကောင်းများ ဖြင့် ဆီးကြိုလျက်ရှိနေခဲ့သည်။

အပြိုင်ရပ်တည်

ယခုတစ်ပတ် စနေနေ့ညနေ တွင်လည်း သုဝဏ္ဏဘောလုံးကွင်း ၌ ပရိသတ်အကြိုက်တွေ့မည့် MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ တစ်ပွဲ ရှိနေပြန်သည်။ ယင်းပွဲမှာ ယခုနှစ် အတွက် အကြီးအကျယ်ပြင်ဆင် အားဖြည့်ထားသည့် ရန်ကုန်ယူ နိုက်တက်အသင်းနှင့် ယမန်နှစ် တွင် ချန်ပီယံဆုကို တော့လွဲလွဲခဲ့ရ သော နာမည်ကြီး ဇေယျာရွှေမြေ အသင်းတို့ ထိပ်တိုက်တွေ့မည့်ပွဲ ဖြစ်သည်။ ယင်းနှစ်သင်းမှာ ယခု ရာသီ MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင်လည်း နှစ်ပွဲ ကစားပြီးချိန်၌ ပွဲတိုင်းနိုင်က ဇယား

ထိပ်ဆုံးတွင် အပြိုင်ရပ်တည်နေသည့် ထိပ်သီးအသင်းကြီးများဖြစ်သည်။

ခက်ခဲ

စိတ်ဓာတ်၊ ကစားအားနှင့် ခြေစွမ်းပိုင်းအပြင် အနိုင်ရချင်စိတ် အပြည့်ဖြင့် ကြိုးစားခြေစွမ်းပြနေ သည့် ရန်ကုန်ယူနိုက်တက်လိုအသင်း ကို ရန်ကုန်မြေပေါ်တွင် ကျော်ဖြတ် အနိုင်ယူရမည့်ကိစ္စမှာ ဇေယျာရွှေမြေ အတွက်မလွယ်ကူနိုင်သလို တစ်ဖက် ကကြည့်လျှင်လည်း ဇေယျာရွှေမြေ အသင်းမှာ လက်ရှိခြေစွမ်းပိုင်းနှင့် ကစားသမားပိုင်းအရ မည်သည့် အသင်းကိုမဆို စိန်ခေါ်အနိုင်ယူနိုင် သည့်အနေအထားမျိုး ရှိနေသော ကြောင့် ရန်ကုန်အသင်းအတွက် လည်း အလွန်ခက်ခဲသည့်ပွဲ ဖြစ်လာ မှာ သေချာသည်။

ထို့ကြောင့် ယခုရာသီတွင် ယင်း နှစ်သင်းစလုံးက ချန်ပီယံဖြစ်ကို ဖြစ်ရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် အစွမ်းကုန်ပြင်ဆင်ကြိုးစားလျက် ရှိနေသောကြောင့် နှစ်သင်းစလုံး၏ အနေအထားမှာ အသင်းကြီးများ ၏အားမာန်အပြည့် ရှိနေသည်။

ရသအပြည့်ခံစားနိုင်

အသင်းလိုက် ခြေစွမ်းနှင့် တိုက်စစ်အားပြိုင်သည့် ပြိုင်ပွဲကြီး ဖြစ်နေ၍ ကွင်းထဲသို့ လာကြည့် သည့် ပရိသတ်များအတွက် စိတ် လှုပ်ရှားမှုအပြည့် ပေးစွမ်းမည့် ပွဲကြီးဖြစ်မှာ သေချာသည်။ နှစ်သင်းစလုံးမှာလည်း ပရိသတ် အခိုင်အမာရှိပြီး ၎င်းတို့အသင်း ကစားသည့်ပွဲတိုင်းကို ဆိုင်ရာ ပရိသတ်များက အုံနှင့်ကျင်းနှင့် တစ်ခဲနက် အားပေးလေ့ရှိသော ကြောင့် ယခုကဲ့သို့ ပွဲကြီးပွဲကောင်း မျိုးကို ဘောလုံးရသအပြည့် ခံစား နိုင်ရန် သုဝဏ္ဏကွင်းထဲသို့ အချိန် နည်းနည်းစော၍ ဖွဲကောင်းစွာ လာ ရောက်အားပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၇)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၄)
၈:၄၀	မြို့ဦးစက်ပစ်ကွင်းကျောင်းမှ ကျောင်းလွှတ်ပူဇော အလှူတော်မင်္ဂလာ
၈:၅၅	Activities in the City အမက (၁)ဗဟန်းအိမ်တွင်းမှု လက်ရာပြပွဲပြိုင်ပွဲ
၉:၁၀	ရေပျော်ငှက်၏တောင်ပံခတ်သံ
၉:၃၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၈)
၁၀:၀၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **မဟောသီရဲ့ ဂျလောဘီ**
၁၀:၃၀	သထုံမြို့မှ မြတ်ဆရာဂုဏ်ရည်မှန်း ပူဇော်ကန်တော့ပန်း
၁၀:၄၀	ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲ ဇာဖက်ရှင်)
၁၁:၁၀	သူတို့ပြောတဲ့သူတို့အကြောင်း (နေဆန်းနှင့် တွေ့ဆုံခြင်း)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၃၀	Make in a Delicious Way (Portuguese မုန့်မက်ဖွယ်ရာ အစားအစာများ)
၁:၀၀	**ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၁၅	ဆီထိပ္ပမ်းကဲ့သို့ ပီတိလွှမ်းခဲ့ရသောစလင်းမြေ
၃:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၇)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၄)
၄:၅၀	နယ်ဥ်ဆန်းသစ်လှစေဖို့ ပြည်တွင်းဖြစ်ကိုဝတ်ဆင်စို့
၅:၁၀	ရန်ကုန်မြင်ကွင်းကျယ် (Power Strong Bio Disc)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	လပြည့်ဝန်းသို့ တမ်းချင်းညရဲ့ ရင်ခုန်သံ
၆:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၈)
၇:၀၀	VJ Choice
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (ပါရမီစိန်ဂေဟာရဲ့ ပျော်ပွဲရွှင်ပွဲ)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Shwedagon Exhibition
၈:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Furniture & Bedding Fair)
၈:၅၅	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၅)
၁၀:၁၀	ဂီတသရုပ်ပြခန်း (Jet San Han- ကြယ်တွေလို)
၁၀:၃၅	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော···
၁၀:၅၀	World of Knowledge (Salvage Code Red Fire Storm)
၁၁:၄၀	ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ် ထာဝစဉ်···
၁၁:၅၅	ဖန်တီးသူနှင့်အနုပညာ ချစ်သုဝေ (အပိုင်း-၂)
၁၂:၂၅	**အားကိုးအားထား** ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၁၂:၄၀	ကံကောင်းခြင်းတွေဝေဆာစေမည့် မန္တလာမြေမှ Lucky Home
၁:၀၀	ကော်ဇောမှာအသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
၁:၂၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဥမ္မာကျော်နှင့် တွေ့ဆုံခြင်း)
၁:၄၅	နယ်ဥ်ဆန်းတွင် ပန်းအလှဆင် ("L"ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း)
၂:၁၀	နွေးထွေးသောဝန်ဆောင်မှုများနှင့် ဇေင်
၂:၁၅	လှပသစ်ဆန်းအလှပြင်ခန်း (Siam Spa)
၂:၃၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
၂:၅၀	အိုက်ကီဒိုနှင့်သမီးပျို
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	Shooting Location မြစ္ဆာညို (၄က်အိမ်)
၄:၂၅	တီရှတ်ခန်လေးတွေမွေးကြမယ် (Selection J)
၄:၄၀	အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
၄:၅၀	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ လူအချို့အစားအသောက်မှားရာမှ ဝမ်းပျက်/ဝမ်းလျှောရောဂါဖြစ်ပွား ဒေသအာဏာပိုင်များ၊ ဆေးဘက်ဝန်ထမ်းများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ကုသပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဇန်နဝါရီ ၂၁ ရက်တွင် လူအချို့ အစားအသောက်မှားရာမှ ဝမ်းပျက်/ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သဖြင့် တောင်တွင်းကြီးမြို့နယ်ဆေးရုံ၌ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၅ ဦး ဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ရောဂါသက်သာပျောက်ကင်း သဖြင့် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၀ ဦး ဆေးရုံမှဆင်းခဲ့ကြောင်း၊ ယင်းနေ့တွင်ပင် အမျိုးသား တစ်ဦး ထပ်မံတက်ရောက်ခဲ့သဖြင့် အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦး ဆက်လက်ကုသမှုခံယူလျက်ရှိကြောင်း၊ ရောဂါအခြေအနေမှာ သာမန်ဝမ်းပျက်/ဝမ်းလျှောရောဂါသာဖြစ်သဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် အဆိုပါလူနာများအား ဒေသအာဏာပိုင်များ၊ ဆေးဘက်ဝန်ထမ်းများက လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းစွန်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ကြိုဆိုနှုတ်ဆက်

ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ ဩစတြေးလျသံအမတ်ကြီးနေအိမ်၌ ကျင်းပသော ဩစတြေးလျအမျိုးသားနေ့ အထိမ်းအမှတ်ညစာခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Ms. Ruth Stewart ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၄။ အိုင်စီတီသုတ
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၆။ မှတ်တမ်း
- ၅:၂၀ ၇။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅:၂၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ငှက်တို့၏ဗိမာန်** (အပိုင်း-၁)
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၂။ **ရွှေ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ သံစဉ်များနှင့်ကမ္ဘာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၂)
- ၂၄။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

အထက(၃) မုံရွာ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ကျောင်းအုပ်ကြီး အထက(၃) မုံရွာ ဖုန်း-၀၇၁-၂၁၁၇၆၊ ကိုဆန်းဝင်းမိုး (KSM မိတ္တူ) ဖုန်း-၀၇၁-၂၄၁၃၁၊ ဦးနေဝင်း(ဇောတိကဆေးလိပ်) ဖုန်း-၀၇၁-၂၁၅၂၅၊ ဒေါ်ခင်ချိုထွေး (စိန်မိတ္တူ) ဖုန်း-၀၉-၂၁၃၃၁၄၈၊ ဒေါ်မော်သန္တာခိုင် ဖုန်း-၀၇၁-၂၂၃၃၆၊ ဦးမောင်မောင် (ရွှေအုန်းသီး) ဖုန်း-၀၇၁-၂၁၄၅၆၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၂၀၁၀၂၂၃၊ ဒေါ်အေးအေးဝင်း(ရေနံ) ဖုန်း-၀၉-၅၁၁၀၆၀၉နှင့် ဒေါ်သီဂီ ဖုန်း-၀၇၁-၂၃၉၃၃၊ ၀၉-၂၁၃၂၀၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၅ ၈။ တေးဂီတအစီအစဉ်
- ၈:၃၅ ၉။ International News
- ၈:၄၀ ၁၀။ **တောမြိုင်စွန်းမှ လွမ်းမျက်ရည်**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၂၅ ၉။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ရသစုံလင် အင်တာနက်ဥယျာဉ်**
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၆)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၂၃)
- ၁၉။ သီချင်းချစ်သူ **ပလေးဘွိုင်းသန်းနိုင်**

ချင်းရွှေဟော်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

ချင်းရွှေဟော် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် ကျောင်းအုပ်ကြီး ဦးသန်းညိုတို့ အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလွှာများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၇

ဦးကျော်ဝင်း(ဇာတိနွယ်) သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး ဆန်နီအုန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင် (ငြိမ်း)၊ ဦးခင်မောင်ထွန်း (မြို့နယ်အကောက်ခွန်မှူး)၊ ဦးခင်လှိုင်ဦး (အာရှမြန်မာ) တို့နှင့်အတူ ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel No.2 ဘောလုံးကို Callaway Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၅ ကိုက်အကွာ၌ရှိသော ကျင်းအမှတ် (၅) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာဝန်သိပြည်သူများ၏ သတင်းပေးမှုကြောင့် ဒေးဒရဲ-ဖျာပုံကားလမ်းဘေးရှိ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအောက်မှ ချိန်ကိုက်မိုင်းတစ်လုံးအား ရှင်းလင်းဖယ်ရှားနိုင်ခဲ့ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထား

နေပြည်တော် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ-ဖျာပုံကားလမ်း မိုင်တိုင်အမှတ် (၁၂/၅)ရှိ ကွန်ကရစ်တံတားတစ်စင်းဘေး၌ ဖြတ်သန်းတည်ဆောက်ထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းအောက်မှ ချိန်ကိုက်မိုင်းတစ်လုံးအား ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီခန့်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။

ရှင်းလင်းဆောင်ရွက်

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၆ နာရီခန့်တွင် ဒေးဒရဲ-ဖျာပုံကားလမ်း မိုင်တိုင်အမှတ်(၁၂/၅)၊ တံတားအမှတ်(၁/၁၃) ကွန်ကရစ်တံတားဘေး၌ ဖြတ်သန်းတည်ဆောက်ထားသော ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအောက်၌ ချိန်ကိုက်မိုင်းတစ်လုံး တွေ့ရှိကြောင်း တာဝန်သိပြည်သူများ၏ ဆင့်ကဲဆင့်ကဲ သတင်းပေးပို့ချက်အရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထို့နောက် ချိန်ကိုက်မိုင်းအား အသက်မဲ့အောင် အချိန်ကိုက် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းချိန်ကိုက်မိုင်းမှာ TNT 200 g စာတန်းပါ ဆပ်ပြာတုံးပုံ အလျား လေးလက်မ၊ အနံ နှစ်လက်မ၊ ထု တစ်လက်မခန့်ရှိ ယမ်းတုံးလေးတုံး၊ အရှည်ခုနစ်ပေခန့်ရှိ ယမ်းကြိုးတစ်ကြိုး၊ ဖြူဝါကြား ဝိုင်ယာကြိုး ခုနစ်ပေ ရှစ်လက်မခန့် တစ်ချောင်း၊ ဒီတိုနေတာဖြူးစ်တစ်ခု၊ ဓာတ်ခဲလေးလုံးတို့ပါဝင်ကြောင်း သိရသည်။

အချိန်မီသတင်းပို့

အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေး အမြတ်ထုတ်လိုသူများသည် နိုင်ငံတစ်ဝန်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်ဆူပူမှုများဖြစ်ပွားအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ၎င်းတို့၏ လုပ်ရပ်များအပေါ် ပြည်သူလူထုက ရွံရှာမုန်းတီးလျက်ရှိသဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း တာဝန်သိပြည်သူများက တာဝန်ရှိသူများထံ ဆင့်ကဲဆင့်ကဲ သတင်းပေးပို့ခဲ့သဖြင့်သာ အချိန်မီ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမ္မတရုံ၌ နယူးမော်ဒယ်လ်ဆဲ ရွှေဆောင်ရုံ၌ အကယ်ဒမီကားများပြသ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၂၇

ယခုအပတ် ရန်ကုန်မြို့တွင်းနှင့် မြို့ပတ်ရုံများတွင် ကားသစ်မဝင်ဘဲ သမ္မတရုံနှင့် သွင်ရုပ်ရှင်ရုံတို့တွင် **နယူးမော်ဒယ်လ်** ဝင်နေဆဲဖြစ်သည်။

ရွှေဆောင်ရုပ်ရှင်ရုံတွင်မူ မကြာသေးမီက အကယ်ဒမီ ဆုချီးမြှင့်ခံရသည့် ရုပ်ရှင်ကားများဖြစ်သော **ဇော်က ကနေသည်**က ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ၊ ဇန်နဝါရီ ၃၀ ရက်တွင် **မိုးညအိပ်မက်မြူ**၊ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ **ကျောက်စက်ရေ**၊ ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ **အတိတ်ရဲ့အရိပ်** ဇာတ်ကားများ ရုံဝင်မည်ဖြစ်သည်။

မင်္ဂလာရုပ်ရှင်ရုံတွင် အောင်ပွဲခံဆဲ SKYLINE ရုပ်ရှင်ဇာတ်ကား။

အောင်ပွဲခံ

ထို့ပြင် ရန်ကုန်မြို့ရှိ မင်္ဂလာရုပ်ရှင်ရုံတွင် SKYLINE နှင့် နေပြည်တော် ရုပ်ရှင်ရုံတွင် NARNIA တို့ အောင်ပွဲခံလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူများ မန္တလေးတိုင်းဒေသကြီးအတွင်းလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂)မှ လေ့လာရေးသင်တန်းသား သင်တန်းသူများသည် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းဦးဆောင်၍ လေ့လာရေးအဖွဲ့ ခေါင်းဆောင် ဦးဌေးလွင် (ဒုတိယပါမောက္ခချုပ်၊ သင်ကြားရေး)နှင့် ကြီးကြပ်သူ ဆရာ ဆရာမများလိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ်(လေ့ကျင့်သင်ကြားရေး)ဦးနေဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ လေ့ကျင့်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းသို့သွားရောက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း လေ့ကျင့်ရေးရုံးရှိ ရဲသမိုင်းပြတိုက်၊ မှုခင်းသိပ္ပံ ဓာတ်ခွဲခန်း၊ စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ အင်္ဂလိပ်ဘာသာ စာသင်ခန်း၊ ကွန်ပျူတာ သင်ကြားရေးခန်း၊ Language Lab နှင့် အမှုစစ်အရာရှိ သင်တန်းခန်းတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လေ့လာရေး သင်တန်းသား သင်တန်းသူများသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း၌ မီးသတ်စွမ်းရည်၊ အသက်ကယ် စွမ်းရည် လက်တွေ့သရုပ်ပြတင်ဆက်မှုနှင့် မီးသတ်ပစ္စည်းကိရိယာများ သရုပ်ပြခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒိုးကွင်စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး ဆေးဖက်ဝင်သစ်ခွများ၊ အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးမျိုးများ စိုက်ပျိုးထုတ်လုပ်မှုကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် **(အပေါ်ပုံ)**နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကိုလည်းကောင်း၊ သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း၌ သစ်တောကျောင်းပြတိုက်နှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ရတနာပုံတယ်လီပို့ တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

အခြေခံ ပန်းအလှပြင်သင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အခြေခံ ပန်းအလှပြင်သင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ သင်တန်းပို့ချမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ မိသားစု ဝင်ငွေတိုးလုပ်ငန်းအတွက်ရည်ရွယ်၍ ဇန်နဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၉ ရက်က သုံးခွမြို့နယ် အားကစားခန်းမ၌ ရွှေဝါဝင်းအငြိမ့်အဖွဲ့ တင်ဆက်ကပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွဲ့ခေါင်းဆောင်အား ဂုဏ်ပြုဆု ငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးသင်တန်း မုဒုံမြို့နယ်၌ဖွင့်

မုဒုံ ဇန်နဝါရီ ၂၇

မုဒုံမြို့နယ်တွင် တိုင်းရင်းဆေးသင်တန်းကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ ကွမ်တာကျေးရွာ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းဝေက အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းသို့ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၁၁ ခုနှစ်၏ မင်္ဂလာရှိသော နှစ်သစ်ဦးကာလ အခါသမယကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်ကောင်းများကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၏ အလွမ်းသတင်း ပန်းတစ်ခင်းကဗျာများ

ကဗျာပေါင်းချုပ် စာအုပ်များဖြင့် အမျိုးသားစာပေဆု (၆)ကြိမ် တိုင်တိုင်ရရှိခဲ့ပြီးဖြစ်သော မြင်းမူမောင်နိုင်မိုး၏ ကဗျာပုဒ်ရေ ၉၀ ပါဝင်သော အလွမ်းသတင်း ပန်းတစ်ခင်းကဗျာပေါင်းချုပ်စာအုပ်တွင် **(အပေါ်ပုံ)** စာဆို၏ ဘဝခရီးတစ်လျှောက် တွေ့ကြုံရင်ဆိုင် ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကို ပြန်လည်သုံးသပ်ရှုမြင်ခံစားခြင်း၊ အမိအဖ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်များအပေါ်ထားရှိသော မေတ္တာစိတ်ကို ဖော်ကျူးခြင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များအပေါ် ခိုင်မြဲသော သံယောဇဉ်ကို လှစ်ပြခြင်း၊ လောကလူ့ဘုံကြုံလေသမျှ လောကတစ်ခွင်မြင်လေသမျှ အလှတရားတို့ဖြင့် ပြည့်ဝစေချင်သောစေတနာဆန္ဒမွက်ဟခြင်း အစရှိသည့် ဘဝအမြင်၊ လောကအမြင်ကဗျာများကို မြန်မာကဗျာပီပီသသ ရသမြောက်စွာ သီကုံးဖွဲ့ဆိုထားသည်။ ဂူဖရီစက္ကူဖြူချောနှင့် စာမျက်နှာ ၂၅၀ ခန့် ရောင်းဈေးငွေ ကျပ် ၂၀၀၀ ဖြစ်သည်။

တင်မြင့်၏ ရှင်မတောင်မှ ရောဝတီသို့

ဤစာအုပ်သည် ၂၀၀၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲ ကျမ်းစာပေ ပထမဆုရ စာအုပ်ဖြစ်သည်။ ပခန်းဒေသ ရှင်မတောင်နယ်မြေမှာ မွေးဖွားသော ဆင်းရဲချို့တဲ့လှသည့် ကလေးငယ်တစ်ဦး၏ဘဝမှ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ နိုးကြားခြင်း၊ တက်ကြွခြင်း၊ ရောင့်ရဲသည်းခံခြင်းတို့ဖြင့် ဘဝကို တည်ဆောက်ဖြတ်ကျော်နိုင်သောအခါ လယ်ဧကများစွာပိုင်ဆိုင်သည့် လယ်ပိုင်ရှင်လယ်သမားကြီးတစ်ဦးဖြစ်လာပုံ၊ နိုင်ငံခြားကုမ္ပဏီများနှင့်ယှဉ်နိုင်သော ဆန်စက်ပိုင်သူဌေးကြီး ဖြစ်လာပုံ၊ အမျိုးဘာသာ သာသနာကိုမြတ်နိုးသော ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ သာသနာ့ဒါယကာကြီးဖြစ်လာခဲ့ပုံတို့ကို ယနေ့လူငယ်များ စံပြုအတုယူဖွယ်ရာ ရေးသားပြုစုတင်ပြထားသည်။ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြစ်သည်။

နေမျိုးသန့်၏ မေတ္တာဘုံသစ္စာလွမ်းတယ် လွမ်းငြိမ့်ငြိမ့်အေး

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုများပိုင်ရှင် စာရေးဆရာကြီး နေမျိုးသန့်၏ ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲ ဝတ္ထုရှည် ပထမဆုရ စာအုပ်ဖြစ်သည်။ ကျောင်းဆရာတစ်ဦး၏ တပည့်များအပေါ်ထားရှိသော စေတနာ၊ ဝါသနာနှင့်အနစ်နာခံမှုများ၊ လုပ်ဖော်ကိုင်ဖက် ဘဝတူများအပေါ်ထားရှိသည့် သံယောဇဉ်တရား အစရှိသည်တို့ကို အခြေခံပြုလျက် လူမှုဘဝပတ်ဝန်းကျင်၏ အရှုပ်အထွေး၊ အတိမ်အနက်၊ အခက်အခဲများကို မေတ္တာတရားဖြင့်အောင်နိုင်ခဲ့ပုံတို့ကို လှပသိမ်မွေ့စွာ ဇာတ်လမ်းဖွဲ့တင်ဆက်ထားပြီး ဆရာတိုင်း၊ တပည့်တိုင်း ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရောင်းဈေးမှာ ငွေကျပ် ၁၂၀၀ ဖြစ်သည်။

ဝယ်ယူရရှိနိုင်

အထက်ပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် အလက(၁) ရန်ကင်းနှင့် ရန်ကင်းကြေးအိုးဆိုင်ကြား ဖုန်း-၇၂၅၅၃၀နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၂၇

Amigos Int' l Co., Ltd. က တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hi-Target Survey Instrument Co., Ltd. မှ ရောင်းအား အကောင်းဆုံး အရည်အသွေးမြင့် တိုင်းတာရေးပစ္စည်းများဖြစ်ကြသော GNSS RTK GPS များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Echo Sounder များ၊ MIGO အမှတ်တံဆိပ် Geodetic Total Station များ၊ Digital Theodolite များ၊ Auto Level၊ Laser Level များကို မြန်မာပြည်၏ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အသုံးပြုနိုင်

Hi- Target V9 RTK System ၏ ထူးခြားချက်မှာ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဒီဇိုင်းလုပ်ငန်းနှင့် ရေကြောင်းတိုင်းတာရေးလုပ်ငန်းများတွင် လွယ်ကူလျင်မြန်တိကျစွာ တိုင်းတာဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ Hi- Target GIS Data Collector GPS အမျိုးအစားဖြစ်သော Qmini GPS မှာ လက်ကိုင် GPS အမျိုးအစား တစ်ခုဖြစ်ပြီး ဂြိုဟ်တုမြေပုံများ၊ Topographic မြေပုံများ အစရှိသည့် Base Map များကို Qmini အတွင်းသို့ ထည့်သွင်းနိုင်ခြင်း၊ တိုင်းတာရာတွင် တိကျမှုရှိခြင်းတို့ကြောင့် သစ်တောတိုင်းတာရေး၊ ပျိုးခင်းများ၏ ဧရိယာသတ်မှတ်ခြင်းများတွင် ကုန်ကျစရိတ် သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်သည်။

ထို့အပြင် Geodetic Surveying Instrument များသည် Geodetic Total Station MIG-502 သည် Prism မလိုဘဲ မီတာ ၂၀၀ အထိ တိုင်းတာနိုင်ပြီး Data Collect၊ Layout၊ Remote Elevation Method အစရှိသည့် တိုင်းတာရေးနည်းစနစ်များပါရှိသည်။ ထို့အပြင် Download, Upload ပြုလုပ်နိုင်ပြီး Raw Data Coordinate Data များ ရရှိနိုင်သည်။

ဖွင့်လှစ်ထား

ပစ္စည်းများ အားလုံးအတွက် ဝယ်ယူသူများအား တစ်နှစ်အာမခံပေးထားသည့်အပြင် စက်ချွတ်ယွင်းသွားပါက ပြန်လည်ပြင်ဆင်ပေးသော Service Center ကိုပါ ဖွင့်လှစ်ထားရှိသည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Amigos Int' l Co., Ltd. အမှတ် SH-102, SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂၊ ၀၁-၇၃၀-၈၇၇၀၉၊ ၀၉-၄၉၂၂၅၉၈၄နှင့် ဖက်စ်-၀၁-၅၆၄၅၂၀တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ အလှူရှင် မုံရွာဆရာမိုး (ရှောက်တစ်လုံး ဝမ်းမှန်ဆေး) ဇနီး (ဒေါ်သိန်းမှီ)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကိုကို ဆက်နိုင်မိသားစုတို့က မြို့နယ်သာသနနုဂ္ဂဟပုညကာရီ အဖွဲ့သို့ ဇန်နဝါရီ ၂၆ ရက်က အလှူငွေကျပ်ငါးသိန်းပေးအပ်ရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်တို့ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုမြင့်တင်ဆောင်ရွက်ပေးနိုင်တော့မည့်

ဘိုကလေးမြို့က ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီး

နေပြည်တော် ဇန်နဝါရီ ၂၇

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ရန်ကြီးအောင်

ဘိုကလေးမြို့။

မြန်မာ့ပင်လယ်ပြင်နှင့် အလှမ်းမဝေးသော မြို့တစ်မြို့ဖြစ်သည်။ မြစ်ချောင်းအသွယ်သွယ် ပေါကြွယ်လှသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ပင်လယ်နှင့်ထိစပ်နေသောအပိုင်း၌ တည်ရှိသည်။ ထို့ကြောင့် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့စဉ်က ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့သည်။ လူ၊ ပစ္စည်း၊ အဆောက်အအုံများစွာ ပျောက်ပျက်ဆုံးရှုံးခဲ့သည်။ သို့သော် ယခုအချိန်အခါတွင်မူ ပျက်စီးဆုံးရှုံးမှုများကြားမှ အချိန်တိုအတွင်း လျင်မြန်စွာ ရုန်းကြွလာနိုင်ခဲ့ပေပြီ။

ဘိုကလေးမြို့ရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

တည်ဆောက်ဖွင့်လှစ်

အဆိုပါ ဘိုကလေးမြို့သို့ နာဂစ်လွန်ကာလများတွင် အခေါက်ခေါက်အခါခါ ရောက်ရှိခဲ့သည်။ မြို့ပြန်လည်စည်ပင်ဖွံ့ဖြိုးလာမှုက တစ်ခေါက်နှင့်တစ်ခေါက်မတူ။ သိသာစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရသည်။ အဟောင်းအနွမ်း အဆွေးအမြည့် အပျက်အစီးများကြားမှ အသစ်အသစ်သော အဆောက်အအုံများက တစ်ခုပြီးတစ်ခု ငွားငွားစွင့်စွင့် ပေါ်ထွက်လာခဲ့သည်။ မြို့အင်္ဂါရပ်နှင့်ညီညွတ်ပြီး ခမ်းနားထည်ဝါလှသည့် မြို့တော်ခန်းမကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ။ မိုးလုံလေလုံ အားကစားရုံကြီးကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီ။ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ မြို့တွင်းလမ်းများကိုလည်း ပြန်လည်ပြုပြင် မွမ်းမံပြီးစီးခဲ့ပေပြီ။

မျက်ဝါးထင်ထင်

ယခုတစ်ဖန် အသစ်တည်ဆောက် ဖွင့်လှစ်လိုက်သည်မှာကား ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးပင်ဖြစ်သည်။ အဆိုပါဆေးရုံကြီးကို ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့သည့်အားလျော်စွာ ဆေးရုံကြီး၏ တင့်တယ်ခမ်းနားမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ထို့အတူ ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်း လေ့လာမေးမြန်းခွင့်ရခဲ့သည်။ စာမျက်နှာ ၇ ကော်လံ ၁ ◆